# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
# ၁၉၆၂ ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေကို
# ပြင်ဆင်သည့်ဥပဒေ
## (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၆/၈၉)

၁၃၅၁ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်

(၁၉၈၉ ခုနှစ်၊ ဇွန်လ ၁၈ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၆၂ခုနှစ်၊ ပုံနှိပ်သူများနှင့်ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၁၉၆၂ ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေတွင်-

(က) ပုဒ်မ ၁၆ နှင့်ပုဒ်မ ၁၈ တို့တွင်ပါရှိသော "သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် နှစ်ထောင်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ" ဆိုသည့် စကားရပ်များအစား "အနည်းဆုံး ထောင်ဒဏ် ၆လမှ အများဆုံးထောင်ဒဏ် ၅ နှစ်အထိဖြစ်စေ၊ အနည်းဆုံးငွေဒဏ် ကျပ် ၂၀၀၀ မှ အများဆုံးငွေဒဏ် ကျပ် ၂၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ" ဆိုသည့်စကားရပ်များဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၁၇၊ပုဒ်မ၁၉ နှင့်ပုဒ်မ ၂၀ တို့တွင်ပါရှိသော "သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် နှစ်ထောင်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ" ဆိုသည့်စကားရပ်များအစား "အနည်းဆုံး ထောင်ဒဏ် ၁ နှစ်မှအများဆုံးထောင်ဒဏ် ၇ နှစ် အထိဖြစ်စေ၊ အနည်းဆုံး ငွေဒဏ် ကျပ် ၃၀၀၀မှ အများဆုံးငွေဒဏ် ကျပ် ၃၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ" ဆိုသည့်စကားရပ်များဖြင့် အစားထိုးရမည်။